# ခြိမ်းခြောက်ခံနေရသော မြန်မာ့မီဒီယာလွတ်လပ်ခွင့်

# Myanmar’s media freedom at risk



ဂျာနယ်လစ်များ၏ အမြင်သဘောထားအား
စစ်တမ်းကောက်ယူမှုရလဒ်များ

The results of a
nationwide survey of
journalists’ opinions

မေ ၂၀၁၈

May 2018

In partnership with

# ကျေးဇူးတင် အသိအမှတ်ပြုခြင်း

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် သုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သူအားလုံးကို FEM မှ ကျေးဇူး တင်ကြောင်း ပြောကြားလိုပါသည်။ ဤသုတေသနသည် Creative Commons Share Alike လိုင်စင်အရ လွတ်လပ်သောထုတ် ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)]၌ မူပိုင်ခွင့် ရှိပါသည်။ဤလိုင်စင်အရ FEM ကို အသိအမှတ်ပြုဖော်ပြပြီး၊ သင်၏ အသစ်ဖန် တီးမှုများအား တူညီသော စည်းမျဉ်းဖြင့် လိုင်စင်ပြုလုပ်ထားလျှင် ဤစာတမ်း အား စီးပွားရေးအရ မဟုတ်သည့်ပြန်လည်ထုတ်ဝေခြင်း၊ အနည်းငယ်ပြုပြင် ပြောင်းလဲခြင်းတို့ပြုလုပ်နိုင်ကာ၊ စီးပွားရေးအရမဟုတ်သည့် သင့်လုပ်ငန်း (စာအုပ်၊စာတမ်း စသည်တို့) တွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။

## FEM မိတ်ဆက်

လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)] သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အရေးတွင် နှံ့စပ်သော၊ ဥပဒေပြုပြင်ပြောင်းလဲရေးတွင် ပါဝင် ဆောင်ရွက်နေသော၊ ဥပဒေချိုးဖောက်ခံရသူများကို ကာကွယ်နေသော၊ ထို့အ ပြင် အကောင်းဆုံး နိုင်ငံတကာ အလေ့အထကောင်းများကို အလေးဂရုပြုလာ အောင် လုပ်ဆောင်နေသော အဖွဲ့ အစည်းတစ်ခု ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် ဥပဒေချိုးဖောက်မှုဆိုင်ရာ အထောက်အထားများကောက်ယူဖော်ပြရန်နှင့် လိုအပ်နေသည့် သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများအလေးထားဂရုပြုလာရန် FEM ၏ ရည်ရွယ်ချက် တစိတ်တစ်ပိုင်းဖြစ်ပါ သည်။

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

တို့တွင် ကျေးဇူးပြု၍ ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

## FEM ၏ မိတ်ဖက်အဖွဲ့များ

ယခုအစီရင်ခံစာအတွက် FEM ၏ မိတ်ဖက်အဖွဲ့ အစည်းများမှာ Burma News International (BNI) ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ မြန်မာမီဒီယာရှေ့နေများကွန်ယက်၊ မြန်မာအမျိုးသမီးဂျာနယ်လစ်အသင်း၊ ပဲန်မြန်မာ နှင့် မြန်မာသတင်းသမားများ ကာကွယ်ရေးကော်မတီ တို့ဖြစ်ကြပါသည်။

# Acknowledgements

FEM wants to thank all the research participants involved in this report. The report is copyrighted under a Creativse Commons Attribution-NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

## About FEM

Free Expression Myanmar (FEM) is a national human rights organisation that is expert in free expression and information, engaging in legal reform, defending victims of violations, and promoting best international standards.

This report forms part of FEM's objective to build evidence of violations and promote appropriate and needed reforms. See:

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

## FEM's partners

FEM's partners for this report were BNI, MJA, MJU, MMLN, MWJS, Pen Myanmar, and the Protection Committee for Myanmar Journalists.

## FEM's supporters

FEM would like to thank Pen America, the US State Department Bureau of Democracy, Human Rights, and Labor, and the American people for their support for this project.

PEN AMERICA

BUREAU OF DEMOCRACY, HUMAN RIGHTS AND LABOR
U.S. DEPARTMENT OF STATE

# ခြိမ်းခြောက်ခံနေရသော မြန်မာ့မီဒီယာလွတ်လပ်ခွင့်

# Myanmar’s media freedom at risk

ဂျာနယ်လစ်များ၏ အမြင်သဘောထားအား စစ်တမ်းကောက်ယူမှုရလဒ်များ

The results of a nationwide survey of journalists’ opinions

မေ ၂၀၁၈

May 2018


စာတမ်း အနှစ်ချုပ် - Executive summary ........ 2

နိဒါန်း - Introduction ........ 5

မီဒီယာလွတ်လပ်ခွင့် - Media freedom ........ 8

စစ်တမ်းကောက်သုတေသနပြုချက်၏ ရလဒ်များ - Survey results ........ 9

နိဂုံး - Conclusion ........ 20

# စာတမ်း အနှစ်ချုပ် - Executive summary

အလွန်တရာ အရေးပါအရာရောက်သော သတင်းများကို စုံစမ်းရှာဖွေ၊ ရယူထုတ်ပြန်နိုင်သော မီဒီယာလွတ်လပ်ခွင့်သည် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအဆင့်အတန်းကို တိုင်းတာနိုင်သည့် အကောင်းဆုံး နည်းလမ်းများ အနက် တစ်ခုဖြစ်သည်။

သတင်းမီဒီယာသမားများသည် မီဒီယာလွတ်လပ်ခွင့် မည်မျှရရှိသည် ဆိုသည်ကို အကောင်းဆုံးသိရှိကြသလို၊ အတိတ်ကမိမိတို့၏ အတွေ့အကြုံနှင့် လတ်တလော တွေ့ကြုံရသော အတွေ့အကြုံများကို နှိုင်းယှဉ်ပြီး မီဒီယာလွတ်လပ်ခွင့်၏ ဦးတည်ရာကို ခန့်မှန်းသတ်မှတ် နိုင်ကြသည်။

ယခုစစ်တမ်းသည် မီဒီယာလွတ်လပ်ခွင့်အပေါ်တွင် သက်ရောက်သော အရေးကြီးသည့် ပြ သနာနယ်ပယ်အတိုင်းအတာအပေါ်တွင် သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက် သဘော ထားများကို တနိုင်ငံလုံးအတိုင်းအတာဖြင့် အဖွဲ့ပေါင်းစုံ ပူးပေါင်းလျှက် ၂၀၁၇ ဒီ ဇင်ဘာလ မှ ၂၀၁၈ ဧပြီလ အထိ ဆောင်ရွက်ခဲ့သောစစ်တမ်းဖြစ်သည်။

ရရှိသောရလဒ်များသည် စိတ်ပျက်အားလျော့ဖွယ်ရာများသာဖြစ်သည်။

သတင်းမီဒီယာသမားများ၏ ကောက်ချက်မှာ မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်သည် ဆုတ်ယုတ်ကျဆင်းလျှက်ရှိသည်။ ထို့ပြင် ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အစိုးရနှင့် စစ်တပ်ပင်ဖြစ်သည် ဟုလည်း သုံးသပ်ကြသည်။

စိုးရိမ်ပူပန်စွာဖြင့် သတင်းမီဒီယာသမားများ ယုံကြည်နေကြသည်မှာ သူတို့အပေါ် ဥပဒေရေးရာအရဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ အကြမ်းဖက်မှုများသည် တိုးမြင့်လာနေပြီး၊ အစိုးရနှင့်တရားရုံးများသည် မီဒီယာလွတ်လပ်ခွင့် ဆုတ်ယုတ်လာခြင်းနှင့် အကြမ်းဖက်မှုများကို ကြိုးစား ဖြေရှင်းပေးမှု အထောက်အထား အနေဖြင့်လည်း လွန် စွာနည်းပါးလာခြင်းပင် ဖြစ်သည်။

သတင်းသမားများက ကောက်ချက်ထပ်မံချသည့် အချက်မှာ - အထိကရုဏ်းနှင့် ပဋိပက္ခဖြစ် ပွားရာဒေသများအတွင်း သတင်းရယူနိုင်ခွင့်သည်လည်း ကျဆင်းလာခဲ့သည်။ ထို့ပြင် နိုင်ငံတော်ပိုင်သတင်း မီဒီယာ၏ လွှမ်းမိုးမှု ဆက်လက်ရှိနေခြင်းကြောင့် မီဒီယာဗဟုဝါဒ နှင့် မီဒီယာ မတူကွဲပြားမှုသည်လည်း ပြောင်းလဲခြင်းမရှိသေးပေ။

The freedom by which the media can investigate, access, and publish information, particularly that which is critical, is one of the best ways to measure the level of democracy in a country.

Journalists know best how much freedom the media has, and can compare their current experiences to the past to identify the direction that media freedom is heading.

This survey, carried out nationwide by a coalition of organisations between December 2017 and April 2018, measures journalists' opinions on a range of issues that are critical to media freedom.

The results are discouraging.

Journalists conclude that media freedom is declining in Myanmar, and that the government, including the military, is the main cause of this.

Worryingly, journalists believe that legal, physical, and psychological violence towards them has increased, and that there is little evidence that the government or courts are trying to address either violence or the decline in media freedom.

Journalists also conclude that their freedom to report in conflict areas has declined, and that media pluralism and diversity are unchanged, partly due to the continued domination of the state media.

# အကြံပြုချက်များ

## အစိုးရနှင့်အတူ စစ်တပ်သို့ တိုက်တွန်းချက်

- မီဒီယာလွတ်လပ်ခွင့် တိုးမြှင့်ရေးအတွက် လုပ်ငန်းလမ်းညွှန်စီမံကိန်းတစ်ခုကို တည်ထောင်ချမှတ်ရန် ပွင့်လင်းပြီး အားလုံးပါဝင်သော ဆွေးနွေးညှိနှိုင်းပွဲတစ်ခုကို ဆောင်ရွက်ပါ။ ထိုညှိနှိုင်းဆွေး နွေးပွဲသည် တရားဥပဒေဆိုင်ရာပြောင်းလဲမှုနှင့်၊ အစိုးရအရာရှိ ကြီးများ၏ ပြုမူဆောင်ရွက်ချက်များအား ပြောင်းလဲမှု စသည့် ၂ မျိုးလုံးပါဝင်သည့် အားလုံးအကျုံး ဝင်သော တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို အလေးပေးဆောင်ရွက်သင့်သည်။
- နိုင်ငံတော်မှထိန်းချုပ်ထားသောမီဒီယာနှင့် စစ်တပ်မှပိုင်ဆိုင်သော မီဒီယာများ အဆုံးသတ်ရေးအတွက် သီးခြားဖြစ်သော်လည်း အပြန်အလှန်ချိတ်ဆက်မှုရှိသော အများပြည်သူဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲများကို ပြုလုပ်ရမည်။
- ပဋိပက္ခဖြစ်ပွားရာဒေသတွင် မီဒီယာများသတင်းရယူခွင့် တားဆီးပိတ်ပင်ထားမှုအား လုံးကို ချက်ခြင်း ဖယ်ရှားပေးပါ။ တပြိုင်နက်တည်းတွင် သတင်းမီဒီယာသမားအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် နိုင်ငံတော်၏ဒေသ အားလုံးသို့ အမိန့်ထုတ် ပြန်ပေးရမည်။
- တရားဥပဒေရေးရာဆိုင်ရာတွင် သတင်းမီဒီယာများအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ပြီးစီးသည့်တိုင်အောင်၊ မည်သည့် အစိုးရအရာရှိကမျှ အရာရှိ၏ ဩဇာအာဏာကို အသုံးပြုပြီး မည် သည့် သတင်းမီဒီယာ သမား တစ်ဦးတစ်ယောက်ကိုမျှ ရာဇဝတ်ကြောင်းအရ တိုင်ကြားအရေးယူခြင်းမရှိစေရ။
- သတင်းမီဒီယာသမားများအပေါ်တွင် အကြမ်းဖက်သည်ဟု စွတ်စွဲထားမှုများအားလုံးကို ထိရောက်လျှင်မြန်စွာဖြင့် ဘက်လိုက်မှု မရှိစေရဘဲ ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးရမည်။

## တရားရုံးများသို့ တိုက်တွန်းချက်

- အထူးသဖြင့် မီဒီယာလွတ်လပ်ခွင့်နှင့် ဆက်စပ်နေသော အမှုအခင်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၆) တွင် ပြဆိုထားသည်နှင့်အညီ၊ လွတ်လပ်မှုစံကိုထောက်ရှုပြီး ဥပဒေများကို ထိရောက်တိကျစွာပြန်ဆိုကာ ဒီမိုကရေစီစံများနှင့်ကိုက်ညီအောင် အသုံးပြုကြရန် တရားသူကြီးများအားတိုက်တွန်း ဆောင်ရွက်စေသင့်သည်။
- တိုင်ကြားသူများအနေဖြင့် ပဏာမအဆင့်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကြားဝင်စေ့စပ် ဖြန်ဖြေခြင်းကို ရယူနိုင်ရန် တရားသူကြီးများက တွန်းအားပေးသင့်သည်။ ထိုသို့ပြုလုပ်ရန် တရားသူကြီးများသည်လည်း စည်းမျဉ်းထိန်းချုပ်ခံထားရခြင်းမှ ကင်းလွတ်ကြောင်း သေချာစေရမည် ဖြစ်သည်။
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကဲ့သို့သော သီးခြားလွတ်လပ် သော မီဒီယာကျွမ်း ကျင်သူများကို တရားရုံးသို့ဖိတ်ကြားပြီး အ ကြံညဏ်ပေးစေရမည် ။ ယင်းပုဂ္ဂိုလ်သည် နှစ်ဖက်သောအသင်း အပင်းများ၏ ဥပဒေအဖွဲ့မှလည်း ကင်းရှင်းမှုရှိရမည်။

# Recommendations

## To the government, including the military

- Conduct an open and inclusive consultation with journalists to establish a plan of action to increase media freedom. This consultation should focus on designing a holistic approach to legal reform which includes both changing laws and changing the behaviours of government officials.
- Conduct a separate but interlinked public consultation on ending state control of the media, including military-owned media.
- Immediately remove all barriers to the media's access to conflict areas while simultaneously ordering all parts of the state to facilitate journalists' wherever possible.
- Until legal reforms are implemented, ensure that no government official acting in an official capacity brings any criminal complaint against a journalist.
- Ensure that all allegations of violence against journalists are investigated in a transparent, prompt, impartial, and efficient manner.

## To the courts

- Encourage and empower judges to apply the law according to democratic standards, in particular in media freedom-related cases by interpreting any law narrowly and in favour of the principle of liberty as demanded in the Constitution Article 6.
- Empower judges to encourage complainants to seek mediation from the Myanmar Press Council during the pre-trial period. Empowerment includes reassuring judges that they will not be disciplined for doing so.
- Invite independent media experts, such as from the Myanmar Press Council, to the court to provide advice to the court, independent from either parties' legal teams.

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ တိုက်တွန်းချက်

- မြန်မာနိုင်ငံတွင်း မီဒီယာလွတ်လပ်ခွင့်သုံးသပ်ချက်ကို စုံစမ်းစစ် ဆေးပြီး တရားဥပဒေဆိုင်ရာနှင့် လက်တွေ့ဆောင်ရွက်မှု ဆိုင်ရာ ပြုပြင် ပြောင်းလဲမှုအတွက် တိုက်တွန်းထောက်ခံချက်များနှင့်အတူ လွှတ်တော်သို့တင်သွင်းပါ။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သို့တိုက်တွန်းချက်

- သတင်းမီဒီယာသမားများနှင့် သက်ဆိုင်သော ရာဇဝတ်မှုများအတွက် တရားရုံးများနှင့် ရှေ့နေများထံ ကျွမ်းကျင်ပညာရှင်၏ သက်သေခံချက်ကို အသင့်တင်သွင်းနိုင်ရန် အဖွဲ့တစ်ခုကို ဖွဲ့စည်း ဆောင်ရွက်စေရန်။ အကယ်၍ ဂျာနယ်လစ်များက မီဒီယာကောင် စီမှ ထုတ်ပြန်ထားသော မီဒီယာကျင့်ဝတ်နှင့် မကိုက်ညီလျှင်၊ လျှောက်လဲချက်များကို လိုအပ်ချက်နှင့် အချိုးအစားညီညွတ်မှုတ မှုအပေါ် အခြေပြုရေးသားတင်သွင်းပါ။

## သတင်းမီဒီယာသမားများသို့တိုက်တွန်းချက်

- လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ရွေးကောက်ပွဲတွင် မီဒီယာလွတ်လပ်ခွင့်ကို မဖြစ်မနေ ပြတ်သားစွာ ကာကွယ်နိုင်ပြီး အကောင်းဆုံးသော စိတ်ကူးအတွေးအခေါ်ရှိသူ ကိုယ်စားလှယ် လောင်းများကို မဲပေးရွေးချယ်ဖို့ တိုက်တွန်းပါသည်။

## To the Myanmar National Human Rights Commission

- Investigate and submit to Parliament a review of media freedom in Myanmar, with recommendations for legal and practical reforms.

## To the Myanmar Press Council

- Establish a mechanism to proactively submit expert testimony to lawyers and courts for every criminal case against journalists. Where journalists have not abided by the Myanmar Press Council's Code of Conduct, submit arguments on the basis of necessity and proportionately.

## To journalists

- Vote for candidates in the upcoming Myanmar Press Council elections who have the best ideas and clearest commitment to defend media freedom.

# နိဒါန်း - Introduction

၂၀၁၅ ခုနှစ်ကတည်းက မြန်မာနိုင်ငံမီဒီယာလွတ်လပ်မှု အခြေအနေ အဆင့်အတန်းကို စိတ်ဝင်စားနားလည်သဘောပေါက်ကြသည့် အဖွဲ့အစည်းများ ပေါင်းစုထားသည့် စုပေါင်းအဖွဲ့အစည်းတစ်ခုက သတင်းမီဒီယာသမားများ၏ သဘောထားအမြင်များကို နှစ်စဉ်စစ်တမ်း ကောက်ယူခြင်းအား စေတနာ့ဝန် ထမ်းဆောင်ရွက်ခဲ့ကြသည်။

ထိုနှစ်စဉ်စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်းခွင်တွင် အမှန်တကယ်လုပ်ကိုင်နေကြသော သတင်းမီဒီယာသမားများ၏ သ ဘောထားအမြင်များကို စုဆောင်းကောက်ယူရန်ဖြစ်သည်။ သို့မှ သာ ကျွန်ုပ်တို့၏ ပြုပြင်ပြောင်းလဲရေးအတွက် လှုံ့ဆော်စည်းရုံးဆောင် ရွက်မှုသည် သူတို့၏ အတွေ့အကြုံများ၊ လိုလားချက်များကို မှန်ကန်စွာ ထင်ဟပ်ဖော်ဆောင်နိုင်မည် ဖြစ်သည်။

ဤစစ်တမ်းကောက်ယူမှုသည် အမှန်တကယ် မီဒီယာလုပ်ငန်းလုပ်ကိုင် နေသော သတင်းမီဒီယာသမားများ၏ သဘောထားအမြင်များကို အ ထူးအလေးထားသည်။ ကျောင်းသားများ၊ အရပ်ဖက်လူထုအဖွဲ့အ စည်း များ၊ အရေးပါအရာရောက်နေသူများနှင့် မီဒီယာကို စိတ်ဝင်စားသူများ အပေါ်တွင် အဓိကထား ဆောင်ရွက်ခဲ့ခြင်း မဟုတ်ပါ။ ထို့ပြင် ဤစစ် တမ်းကောက်ယူခြင်း၏ ရည်ရွယ် ချက်မှာ သတင်းမီဒီယာသမား များ၏ သတင်းအချက်အလက်၊ အမှုအခင်းများ နှင့် ဥပဒေရေးရာများ ထက် ၎င်းတို့ ကြုံတွေ့နေရသော အတွေ့အကြုံ အပေါ်တွင် အခြေခံ သည့် သဘောထားအမြင်များကို စုဆောင်းရန်ရည်ရွယ်သည်။ ဤစစ်တမ်း သည် မြန်မာနိုင်ငံနှင့် မီဒီယာကိုအကောင်းဆုံး ကျင့်သုံးနေ သည့် အခြားနိုင်ငံများသို့မဟုတ် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ် ခြင်းထက် ၂၀၁၆ ခုနှစ်ဒီဇင်ဘာလအတွင်းက လေ့လာဆန်းစစ်ခဲ့သည့် အခြေ အနေနှင့် နှိုင်းယှဉ်သုံးသပ်ပြီးလေ့လာရန်အထူးပြု ဆောင်ရွက်ခဲ့ ခြင်းဖြစ်သည်။

Since 2015, a coalition of organisations interested in understanding the status of media freedom in Myanmar have voluntarily conducted an annual survey of journalists' opinions.

The aim of the annual survey has been to collect working journalists' opinions so that our reform campaigns properly reflect their experiences and demands.

This survey focuses only on professional working journalists and not on students, civil society stakeholders, or those with an interest in the media. It is intended to measure journalists' opinions based on their experiences reporting, rather than measure their knowledge of specific statistics, cases, or laws. This survey is particularly interested in drawing comparisons to the recent past - what has changed in Myanmar since the previous survey in December 2016 - rather than measuring Myanmar against other countries, best practices, or international standards.

## သုတေသနနည်းပညာ

၂၀၁၇ခုနှစ်တွင် လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း မြန်မာ (FEM) ၏ ဦး ဆောင်မှုဖြင့် စုပေါင်းအဖွဲ့အစည်းသည် စစ်တမ်းကောက်ယူခြင်း ကို ကဏ္ဍမျိုးစုံ ပါဝင်ရန် တိုးချဲ့ကာ၊ စစ်တမ်းကောက်ယူမှု နည်းပညာ ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရင်း တနိုင်ငံလုံးအတိုင်း အတာဖြင့် သတင်းမီဒီယာသမားများ ပါဝင်လာစေရန်စစ်တမ်း ၏ နယ် ပယ် အဝန်းအဝိုင်းကို တိုးချဲ့ဆောင် ရွက်ခဲ့သည်။

ထိုတိုးချဲ့ဆောင်ရွက်ခဲ့သော စစ်တမ်းကောက်ယူခြင်းကို ရှေ့ပြေးလုပ်ငန်းအဖြစ် ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည်။ တစ်ဖန် လုပ်ငန်းစဉ်များ ထပ်မံဖြည့်စွက်ခြင်းများနှင့် စစ်တမ်းကို ၂၀၁၈ခုနှစ် ဇန်နဝါ ရီလနှင့် ဧပြီလတို့တွင် ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းပြီးစီးခဲ့သော စစ်တမ်းကောက်ယူမှု ၂၀၀ ၏ ထက်ဝက်ကို တွေ့ဆုံမေးမြန်းခြင်းဖြင့် ဆောင်ရွက်ခဲ့သည်။ ကျန်တစ်ဝက် ကိုမူ မြန်မာနိုင်ငံမီဒီယာလွတ်လပ် ခွင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လျှက် စစ်တမ်းကောက်ယူခဲ့သည်။

## Methodology

In 2017, the coalition, led by Free Expression Myanmar (FEM), set out to expand the survey to include more subject areas, improve the survey methodology, and conduct it on a larger scale to include journalists nationwide.

This expanded survey was tested as a pilot in December 2017 and a revised version was conducted between January and April 2018. Half of the almost 200 completed surveys were conducted face-to-face, and half following workshop discussions on media freedom in Myanmar.

ဤစစ်တမ်းကောက်ယူမှုကို (FEM) အဖွဲ့ကိုယ်တိုင် ၆ နေရာတွင် ပြုလုပ်ခဲ့သည်။ ယင်း ၆နေရာ ကို စုပေါင်းအဖွဲ့က ဒေသအလိုက် သတင်းမီဒီယာသမား အရေအတွက်ပေါ်တွင် မူတည်ရွေးချယ် ခဲ့သည်။ ထို့ပြင် စစ်တမ်းကောက်ယူ ခြင်းလုပ်ငန်းကို အခြား(၃)နေရာတွင် လည်း အင်တာနက်အသုံးပြုလျှက် ဆောင်ရွက်ခဲ့သည်။ စေတနာ့ဝန် ထမ်းမီဒီယာကျွမ်းကျင်သူများကလည်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြသည်။

## အမျိုးအစားခွဲခြားခြင်း ( ကျား/မ အပါအဝင် )

ကောက်ယူရရှိသော အချက်အလက်များအားလုံးကို အမျိုးအစား ခွဲခြားထားသည်။ သတင်းနှင့်စာ နယ်ဇင်းသမားများ၏ ဝါစဉ်အဆင့်၊ တည် နေရာ၊ ကျား/မ စသည်တို့အပေါ်တွင်မူတည်ပြီး ကွဲပြားခြားနားမှု သိ သိသာသာ ဖြစ်ပေါ်နေသောသဘာထားအမြင်များကို အစီရင်ခံစာတွင် ရှင်းလင်းတင်ပြထားသည်။ ကွဲပြားခြားနားသော သဘောထားအမြင် များကို သက်ဆိုင်ရာအမြင်တစ်ခုစီဖြင့် ရှင်းလင်းတင်ပြနိုင်သည်။ ထို့ကြောင့် လူနည်းစု၏အမြင်များကို ဖြစ်နိုင်သမျှဖော်ပြထားသည်။

## ကန့်သတ်ချက်များ

ကန့်သတ်ထိန်းချုပ်ထားသောပုံစံကဲ့သို့ ရွေးချယ်စစ်တမ်းကောက်ယူ ခြင်းထက် စုပေါင်းအဖွဲ့ဝင်များ၊ မီဒီယာစင်တာများနှင့် စေတနာဝန် ထမ်းမီဒီယာကျွမ်းကျင်သူများက လုပ်ငန်းခွင်ရှိ လက်တွေ့လုပ်ကိုင်နေ သော မီဒီယာသမားများကို စစ်တမ်းကောက်ယူခြင်းတွင်ပါဝင်ပေးရန် ဖိတ်ခေါ်ပေးသည်။

အင်တာနက်အွန်လိုင်းဖြင့် စစ်တမ်းကောက်ယူမှုကို လည်း (FEM)အဖွဲ့ က လက်လှမ်းမမှီသော အရပ်ဒေသများရှိ သတင်းမီဒီယာသမား များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာနိုင်ရေးကို ရည်ရွယ် လျှက်ဆောင်ရွက် ရန် စီစဉ်ခဲ့သော်လည်း စစ်တမ်းဖြေဆိုသူများမှာ လုပ်ငန်းခွင်မှ သတင်းမီဒီယာသမားများဖြစ်ကြောင်း စိစစ်နိုင်ရေးတွင် အခက်အခဲများ ရှိနေသ ဖြင့် ဆိုင်းငံ့ထားခဲ့ရသည်။ ထိုသို့သောအကြောင်းများကြောင့် အချို့ သော သတင်းမီဒီယာသမားများနှင့် ဝေးလံခေါင်းပါးသော ဒေသ များရှိ သတင်းမီဒီယာသမားများသည် ယခု စစ်တမ်းကောက်ယူခြင်း လုပ်ငန်း တွင် မမျှော်လင့်ဘဲ ကြွင်းကျန်ခဲ့ပါသည်။

## အစီရင်ခံစာ

ဤအစီရင်ခံစာကို အပိုင်းလေးပိုင်းဖြင့် တင်ပြပါထားပါသည်။ ၎င်းတို့မှာ နိဒါန်း၊ စစ်တမ်းကောက်သုတေသနပြုချက်၏ ရလဒ်များ၊ နိဂုံးနှင့် စာတမ်းအနှစ်ချုပ်တို့ဖြစ်ပြီး၊ စစ်တမ်း၏ အဓိကအချက်အလက်များ ဖြစ် သည့် တိုက်တွန်းချက်များကို စာတမ်းအနှစ်ချုပ်တွင် ထည့်သွင်းထား ပါသည်။

## "အစိုးရ" ဟူသော စကားရပ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် မှတ်ချက်

This survey was conducted in person by the FEM team in six locations chosen by the coalition based on the areas' number of working journalists. It was also conducted remotely over the internet in an additional three locations. Volunteer media experts conducted some surveys.

## Disaggregation, including gender

All of the survey data has been disaggregated. Where there is evidence of a clear difference in opinion depending on the journalist's gender, location, or seniority, this has been explained in the report. Differences can be explained from each viewpoint, so wherever possible, the viewpoint of the minority is expressed.

## Limitations

Professional working journalists were invited to participate by coalition members, journalism schools, media centres, and volunteer media experts, rather than chosen as a controlled sample.

An online version of this survey, which was intended to broaden participation to include journalists in locations that were not reached by the FEM team, was put on hold due to the difficulty of ensuring that only professional working journalists could complete it. As a result, some working journalists may have been inadvertently overlooked, including those working in remote areas.


## The report

This report is formed of four sections: introduction, findings of the research, conclusion, and executive summary. Recommendations are included in the executive summary.

## A note on the definition of "Government"

Myanmar's Constitution puts several government functions, including the police and prosecutors, under the authority of the military, rather than under the authority of elected civilian representatives. In effect, this creates two parallel governments. References to the "government" in this report should be understood to include one or both parties depending on the context.

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရ၏ များပြားလှသော လုပ်ငန်းစဉ်များထည့်သွင်း ပါရှိထားသည်။ ထိုလုပ်ငန်းစဉ်များတွင် ရဲ လုပ်ငန်းနှင့်တရားစီရင်ရေးလုပ်ငန်းများကို ရွေးချယ်ခံအရပ်သားကိုယ်စားလှယ်များ၏အာဏာဖြင့်ဆောင်ရွက်ရ ခြင်းမဟုတ်ဘဲ စစ်တပ်၏ ဩဇာအာဏာအရ ဆောင်ရွက်စေရသည်။ စင်စစ်တွင် ထိုသို့ထည့်သွင်းပါရှိခြင်းက အစိုးရနှစ်ခုအပြိုင် ပေါ်ပေါက် ဖြစ်ပေါ်စေသည်။ ဤ အစီရင်ခံစာတွင်ပါရှိသော " အစိုးရ" ဟူသော စကားရပ်ကို သုံးစွဲသော စာသား အဓိပ္ပာယ်အရ တစ်ဖွဲ့ကိုသော်လည်းကောင်း နှစ်ဖွဲ့လုံးကို သော်လည်းကောင်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ရည်ညွှန်းပါသည်။



# မီဒီယာလွတ်လပ်ခွင့် - Media freedom

**လူတိုင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လွတ်လပ် သော သဘောထားအမြင်များ ရှုမြင်နိုင်ခွင့်ရှိသည်။ ဤအခွင့်အ ရေးတွင် လူတိုင်းသည် လွတ်လပ်သော သဘောထားအမြင်များ ထားရှိနိုင်ပြီး အနှောက်အယှက်အဟန့်အတားမရှိစေဘဲ သတင်း အချက်အလက်များ နှင့် သဘောထားအမြင်များကို မည်သည့် မီဒီယာကိုမဆိုအသုံးပြု၍ နယ်စည်းမခြားဘဲရှာဖွေခွင့်၊ ရယူခွင့်၊ လက်ဆင့်ကမ်းဖြန့်ချီခွင့် တို့လည်းပါဝင်ပေသည်။**

**- လူ့အခွင့်အရေးကြေငြာစာတမ်း၏ပုဒ်မ (၁၉)**

မီဒီယာလွတ်လပ်ခွင့်သည် အခြေခံလူ့အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှ တစ်ဆင့် ဆင့်ပွားရရှိလာခြင်း ဖြစ်သည်။ ၎င်းသည် လွတ်လပ်သော ဒီမိုကရေစီနည်းကျလူ့အဖွဲ့အစည်း၏ အခြေခံလည်းဖြစ်သည်။

မီဒီယာလွတ်လပ်ခွင့်သည် လူတိုင်းအတွက်အရေးကြီးသည်။ မီဒီယာသည် အခြားသော လူ့အခွင့်အရေးများအားလုံး ကျင့်သုံးခြင်း၊ တိုးမြှင့် ခြင်း နှင့် ကာကွယ်ခြင်းတို့အပြင် ကောင်းမွန်သောအစိုးရ၊ တစ်ကိုယ် ရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော သတင်းအချက်အ လက်များရရှိရာ အကြီးမားဆုံးသော အရင်းမြစ်ဖြစ်သည်။ သို့ဖြစ်သော ကြောင့် မီဒီယာလွတ်လပ်ခွင့်ကို တိုက်ခိုက်ခြင်းသည်   သတင်းမီဒီယာ သမားတစ်ဦးကို တိုက်ခိုက်ခြင်းထက် များစွာသော သက်ရောက်မှုရှိပေ သည်။ ၎င်းသည် သတင်းသမားတို့၏ သတင်းကိုရယူနေကြသော လူ အားလုံးကို ထိခိုက်စေသည်။ ထို့ပြင်လူတိုင်း၏ သတင်းအချက်အလက် ရယူပိုင်ခွင့်ကိုလည်း ထိခိုက်စေသည်။

မြန်မာနိုင်ငံအပါအဝင်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့်အတူမီဒီယာလွတ်လပ်ခွင့်ကို စွဲကိုင်ထားရန် ကတိကဝတ်ပြုထားကြသည့်နိုင်ငံများဖြစ်သည်။  ၎င်းကို ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ (၁၉)တွင်တွေ့နိုင်သလို၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ
အပြည်ပြည်ဆိုင်ရာပဋိညာဉ်တွင်လည်း တွေ့နိုင်သည်။

မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ထုတ်ဖော်ပြောဆိုခွင့်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၆၊ ၃၅၄ နှင့် ၃၆၄ တို့ဖြင့် အကာကွယ်ပေးရန် ပြဆိုထားပေသည်။

***Everyone has the right to freedom of opinion and expression; this right includes freedom to hold opinions without interference and to seek, receive and impart information and ideas through any media and regardless of frontiers.***

**- Article 19 of the Universal Declaration of Human Rights**

Media freedom is derived from the fundamental human right to freedom of expression and is the foundation of a free and democratic society.

Media freedom is important for everyone. The media is the largest source of the information needed for personal development, good governance, and the protection, promotion and exercise of all other human rights. As such, an attack on media freedom is far more than an attack on a given journalist. It is an attack on the journalist's entire audience, and on everyone's right to information.

All UN member states including Myanmar have committed to uphold the right to freedom of expression, and therefore media freedom. This commitment can be found in Article 19 of the Universal Declaration of Human Rights, in the International Covenant on Civil and Political Rights, and in the ASEAN Human Rights Declaration.

Inside Myanmar, the right to freedom of expression is protected in the Myanmar Constitution preamble, and under Articles 6, 354, and 364.

# စစ်တမ်းကောက်သုတေသနပြုချက်၏ ရလဒ်များ - Survey results

## ကျဆင်းလာနေသောမီဒီယာလွတ်လပ်ခွင့်

**NLD အစိုးရသစ်သည် မီဒီယာလွတ်လပ်ခွင့်ကို ထူးကဲကောင်းမွန်သော ခြေလှမ်းများဖြင့်တိုး တက် ကောင်းမွန်စေလိမ့်မည် ဟု သတင်းမီဒီယာသမားများ၏ မူလအစက အကောင်းမြင်ထားသောအမြင်များနေရာတွင် မည်သည့်ပြုပြင်ပြောင်းလဲမှုမျှ မလုပ်ရုံမျှမက မီဒီယာလွတ်လပ်ခွင့် အလုံးစုံသည် ပြိုလဲဖျက်ဆီးခံနေရသည် ဟူသောယုံကြည်ချက်က အစားထိုးဝင် ရောက်နေပြီဖြစ်သည်။**

ယခင်တစ်နှစ်ကျော်လောက်က မီဒီယာသမားများရရှိခဲ့သော လွတ်လပ်ခွင့်လောက်ပင် ယခုမရရှိတော့သည့် အပြင်၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆိုလျှင်လည်း လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခွင့် ၏ အဆင့်ကျဆင်းသွားပြီဟု ယေဘုယျအားဖြင့် သတင်းသမားအများစုက ယုံကြည်နေကြသည်။ထို ယုံကြည်ချက်သည် အမျိုးသားသတင်းသမား၊ ဝါနုသောသတင်းသမားများနှင့် ယှဉ်လျှင် အမျိုးသမီးသတင်းသမားများနှင့် ဝါရင့်သတင်းမီဒီယာသမားများ အကြားတွင် ပိုမိုထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိသည်။

သတင်းမီဒီယာသမားများနောက်ထပ်ယုံကြည်ကြသည့်အချက်မှာ အွန်လိုင်းပြင်ပထက် အွန်လိုင်းတွင် လွတ်လပ်မှုပိုမိုနည်းပါးခြင်းပင်ဖြစ်သည်။

ယေဘုယျအားဖြင့် သတင်းသမား များ အနေဖြင့် သူတို့၏အမြင်အယူအဆကို ထုတ်ဖော်တင်ပြရာတွင် ရရှိသည့် လွတ်လပ်ခွင့်ကို အလယ်အလတ်မှ လွတ်လပ်မှုအနည်းဆုံးဟု ယုံကြည်ထားသော်လည်း၊ အမျိုးသားများနှင့်နိုင်းယှဉ်လျှင် အမျိုးသမီး သတင်းမီဒီယာသမားများကမူ သူတို့၏အမြင်ကိုဖေါ်ထုတ်ရာတွင် သိသိသာသာ လွတ်လပ်ခွင့် လျော့ကျသွားသည် ဟုယုံကြည်လက်ခံကြသည်။


## Media freedom declining

**Journalists' initial optimism that the new NLD government would take significant steps to increase media freedom has been replaced by a belief that not only have there been no reforms, the overall media freedom has deteriorated.**

On average, journalists believe that they have less freedom compared to a year ago, and that the overall level of freedom of expression in the country has declined too. This belief that the situation has declined is even more apparent among women journalists and senior journalists, compared to men and junior colleagues.

Journalists also believe that they have less freedom online as compared to offline.

While journalists generally think that they have only a medium-to-low level of freedom to voice their opinions in the media, women journalists believe that they have significantly less freedom to voice their opinions compared to men.




## အစိုးရသည် မီဒီယာလွတ်လပ်ခွင့်အား အဓိက ခြိမ်းခြောက်သူဖြစ်သည်

**စစ်တပ်အပါအဝင်အစိုးရသည် ပြင်ဆင်ရန် လုံးဝအစီအစဉ်မရှိသော ဖိနှိပ်ရေးဥပဒေအဟောင်းများကို ဆက်လက်အသုံးပြုနေသလို၊ ဖိနှိပ်ရေးဥပဒေအသစ်များကို ထပ်မံရေးဆွဲပြဋ္ဌာန်းကျင့်သုံးခြင်းအားဖြင့် မြန်မာနိုင်ငံ၏မီဒီယာလွတ်လပ်ခွင့်ကို အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်လာနေသည်ဟု မီဒီယာသမားများက ပိုမိုတိုးမြင့် ယုံကြည်လာကြသည်။**

သတင်းသမားများယုံကြည်သောအချက်မှာ အစိုးရနှင့် ၎င်း၏ဥပဒေများသည် မြန်မာနိုင်ငံအတွင်း မီဒီယာလွတ်လပ်ခွင့်ကို အဓိကခြိမ်းခြောက်သူအဖြစ် ရပ်တည်နေခြင်းပင်ဖြစ်သည်။

အကြီးမားဆုံးခြိမ်းခြောက်မှုအဖြစ် မည်သည့်ဥပဒေတစ်ခုတည်းမှ ရပ်တည်ပေါ်လွင်နေခြင်းမရှိသော်လည်း၊ ခြိမ်းခြောက်မှုသည် ဥပဒေမူ ဘောင်စနစ်တစ်ခုလုံးမှပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းတွင် ယေဘု ယျကျသော ဥပဒေများနှင့် မီဒီယာအတွက် သတ်မှတ်သော ဥပဒေများ လည်းပါဝင်ပါသည်။

## Government is main threat to media freedom

**Journalists increasingly believe that the government, including the military, is the greatest threat to media freedom in Myanmar, both through its continued use of old oppressive laws which it has no real plans to amend, and its adoption of new oppressive laws.**

Journalists believe that the government and its laws pose the main threat to media freedom in Myanmar.

No single law stands out as the greatest threat, but the threat comes from the entire legal framework, including laws of both general and media-specific application.

ဂျာနယ်လစ်များ၏ စိုးရိမ်မှုဖြစ်သည့် ဥပဒေအခြေခံစနစ်တစ်ခုလုံးမှပေါ် ထွက်လာသောခြိမ်းခြောက်မှုသည် အသစ်ဖြစ်ပေါ်လာသော တိုးပွားမှု ဖြစ်သည်။ ကျွန်ုပ်တို့၏ ၂၀၁၅ခုနှစ် နှင့် ၂၀၁၆ခုနှစ် စစ်တမ်းများအရ သတင်းမီဒီယာသမားများအဓိကစိုးရိမ်ပူပန်သည်မှာ အခြေခံဥပဒေနှင့် မီဒီယာနှင့်သက်ဆိုင်သောဥပဒေများမှဖြစ်ပေါ်လာသောခြိမ်းခြောက်မှု သာ ဖြစ်သည်။ သို့သော် ဤစစ်တမ်းတွင်မူ သူတို့၏ ပူပန်မှုသည် အသင်းအဖွဲ့များဆိုင်ရာဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊နှင့် နိုင်ငံတော် လျှို့ဝှက်ချက်ဆိုင်ရာဥပဒေများအထိ ကျယ်ပြန့်လာခဲ့သည်။

မီဒီယာသမားများ၏ ရာဇသတ်ကြီးဥပဒေနှင့် ပတ်သက်သောခြိမ်း ခြောက်မှု အပေါ်စိုးရိမ်ပူပန်မှုမှာမူ ယခင်အတိုင်းသာဖြစ်ပြီး၊ ပုဒ်မ ၁၂၄ အရ နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ရာဇဝတ်မှုပြုခြင်းကို ပြစ်မှုဆိုင် ရာဥပဒေ၏အကြီးမားဆုံးသောခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားသည်။

Journalists' concern about the threat posed by the entire legal framework is a new development. In our 2015 and 2016 surveys, journalists were primarily concerned by threats from the Constitution and media-specific laws, but in this survey their concerns have expanded to include laws on association, telecommunications, privacy, and official secrets.

Journalists' concerns about threats to media freedom from the Penal Code have stayed the same, with Article 124 criminalising sedition seen as the biggest threat.



# အစိုးရ၏ မအောင်မြင်သော မီဒီယာလွတ်လပ်ခွင့် အကာအကွယ်ပေးရေး

**သတင်းသမားများသည် အစိုးရ၏ မီဒီယာလွတ်လပ်ခွင့်တိုး မြင့်စေရမည်ဆိုသော ရွေးကောက်ပွဲ ကြေညာစာတမ်းများကို အကောင်အထည်မဖော်နိုင်ခြင်း နှင့် သတင်းမီဒီယာသမား များ၏ အသံကို နားမထောင်လိုခြင်းတို့အပေါ်တွင် အားမရမ ချင့်မရဲဖြစ် စိတ်ပျက်နေကြသည်။**

သတင်းသမားအများစုက ကောက်ချက်ချကြသည်မှာ အစိုးရသည် မီဒီယာလွတ်လပ်ခွင့်အား အကာအကွယ်ပေးရေးတွင် အောင်မြင်မှုမရှိ ဟူ၍ ဖြစ်သည်။ အထူးသဖြင့် ငယ်ရွယ်ဝါနုသော သတင်းသမားများက အစိုးရ၏ လုပ်ဆောင်ချက်အောင်မြင်မှုအဆင့်ကို အဆိုးမြင်ကြသည်။


အစိုးရ၏မီဒီယာလွတ်လပ်ခွင့် အကာအကွယ်ပေးရေး မအောင်မြင်ရသည့် အကြောင်းရင်းမှာ မိမိတို့ သတင်းသမားများ၏ အသံကို အစိုးရက နားမထောင်ခြင်းနှင့် သူတို့၏ လိုအပ်ချက် အစစ်အမှန်ကို မသိခြင်းတို့ကြောင့်ဟု သတင်းသမားအများစု ယုံကြည်ကြသည်။ အမျိုးသား သတင်းသမားများက အထူးသဖြင့်လိုလားသည်မှာ အစိုးရအနေဖြင့် ပိုမိုကောင်းမွန်သော ခေါင်းဆောင်မှုကို ပြသရန် ဖြစ်သည်။

# Government unsuccessful at defending media freedom

**Journalists are frustrated by the government's failure to implement its election manifesto commitments to increase media freedom, and its unwillingness to listen to journalists.**

Most journalists conclude that the government has been unsuccessful in defending media freedom. Junior journalists are especially critical of the government's level of success.

The majority of journalists believe that the government has failed to defend media freedom because it does not listen to journalists and does not know the reality of their needs. Male journalists especially want the government to show better leadership.



# တရားရုံးများနှင့် တရားသူကြီးများ ပြုပြင် ပြောင်းလဲရန်လိုအပ်သည်

**တရားရုံးများနှင့်ပတ်သက်၍ သတင်းမီဒီယာသမားများ အနေဖြင့်စိုးရိမ်ပူပန်သောအချက်မှာ မီဒီယာကျွမ်းကျင်သူများ၏ သက်သေခံထွက်ဆိုပေးချက်ကို နားထောင်ရန်ဆန္ဒမရှိခြင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သို့အမှုများကို လွှဲမပေး ခြင်းနှင့် ဥပဒေများကို မြန်မာနိုင်ငံ၏ဒီမိုကရေစီရည်မှန်းချက် အသစ်များကိုထောက်ထား ဖွင့်ဆိုမှုမပြုခြင်းတို့ပင် ဖြစ်သည်။**

မီဒီယာလွတ်လပ်ခွင့် ကိုခြိမ်းခြောက်နေသောအစိုးရအပြင် တရားရုံးများ၏ မြန်မာ့ဥပဒေများကို ခေတ်နောက်ပြန်ဆွဲ အဓိပ္ပါယ်ဖွင့်ဆိုခြင်းများသည်လည်း မီဒီယာလွတ်လပ်ခွင့်ကို သိသိသာသာ ခြိမ်းခြောက်ခြင်းအဖြစ် သတင်းမီဒီယာသမားများက ယုံကြည်လျက်ရှိသည်။

မီဒီယာလွတ်လပ်ခွင့်ကိုကာကွယ်ရန်အလို့ငှာ တရားရုံးများနှင့် တရားသူကြီးများကို ပြုပြင်ပြောင်းလဲရန် သတင်းမီဒီယာသမားများက လိုလားကြသည်။ မီဒီယာနှင့်ဆက်စပ်နေသော အမှုအခင်းများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ လွှဲပြောင်းပေးခြင်းသည် အရေးကြီးဆုံးသောပြုပြင်ပြောင်းလဲမှုဖြစ်သည်ဟု သတင်းမီဒီယာသမား ထက်ဝက်ကယုံကြည်ကြသည်။ ကျန် ၅၀%သော သတင်းသမားများက ယုံကြည်ကြသည့် အရေးအကြီးဆုံးသော ပြုပြင်ပြောင်းလဲမှုမှာ တရားသူကြီးများကို
မီဒီယာလွတ်လပ်ခွင့်အတွက် လေ့ကျင့်သင်ကြားပေးရေး ဖြစ်သည်။ သို့မဟုတ် မီဒီယာနှင့်ဆက်စပ်သော အမှုအခင်းများကို အကြံပေးရန်သီးခြားလွတ်လပ်သည့် ကျွမ်းကျင်သူများ ရှာဖွေရန်လိုအပ် နေပေသည်။

မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ အောင် မြင်မှုအဆင့်မှာ အလယ်အလတ်အဆင့်မှ နိမ့်ကျသော အဆင့်ကြားတွင် ရှိသည်ဟု အမှတ်ပေးခံရ သည်။ အလားတူမေးခွန်းမေးမြန်းခဲ့သော ၂၀၁၆ ခုနှစ် စစ်တမ်းနှင့် ယှဉ်လျှင် ကျဆင်းလာခဲ့သည်။ ထို မေးခွန်းနှင့် ပတ်သတ်၍ အမျိုးသမီး သတင်းမီဒီယာသမားများက အမျိုးသားသတင်းမီဒီယာသမားများ ထက် အဆင့်ပိုပေးလိုကြသည်။

# Courts and judges need to reform

**Journalists are concerned about the courts' unwillingness to listen to expert testimony, to refer cases to the Myanmar Press Council, or to interpret laws in favour of Myanmar's new democratic aims.**

Journalists believe that, in addition to the government, the courts and their regressive interpretation of Myanmar laws also pose a significant threat to media freedom.


Journalists want judges and courts to reform in order to defend media freedom. Half of journalists believe that the most important reform is for courts to send all media-related cases to the Myanmar Press Council. The other 50% believe that the most important reform is for judges to be trained in media freedom, or be required to seek independent expert advice for media cases.

The Myanmar Press Council, which was established to defend media freedom, is rated as having a medium-to-low level of success, a deterioration from our 2016 survey which asked the same question. Women journalists tend to rate the Council more highly than men.

မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်ရန် တရားရုံးများသို့ အကြံပြုချက်များ - **Recommendations to courts for defending media freedom**




မြန်မာသတင်းမီဒီယာကောင်စီ၏ အောင်မြင်မှု - **Myanmar Press Council's success**



# သတင်းမီဒီယာသမားများအပေါ် အကြမ်းဖက်မှုများ တိုးမြင့်လာခဲ့သည်

**သတင်းမီဒီယာသမားများ စိုးရိမ်ထိတ်လန့်သည်မှာ အစိုးရအနေဖြင့် သတင်းမီဒီယာသမားများအပေါ် အကြမ်းဖက်မှုများ တိုးပွားလာခြင်းအား အရေးတယူပြုပေးရန် ဆန္ဒစိုးစဉ်းမျှသာ ပြသခြင်းဖြစ်သည်။ သတင်းမီဒီယာသမားများမှာ အရေးယူ အပြစ်ပေးမှု မရှိသည့် ခြိမ်းခြောက်မှုများနှင့် တိုက်ခိုက်ခြင်း များ ခံနေရသည်။**

ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင်ယခုနှစ်တွင်အကြမ်းဖက်မှုများပိုမရင်ဆိုင်နေရသည်ဟုသတင်းသမားများက ယုံကြည်ကြသည်။ အမျိုးသမီးသတင်း သမားများနှင့် ဝါရင့်သတင်းစာဆရာများကအကြမ်းဖက်မှု တိုးမြင့်လာ ခြင်းအပေါ်ပိုမိုစိုးရိမ်ပူပန်ကြသည်။

သတင်းသမားများ၏ ကြီးမားသည့်အများစုက မိမိတို့အပေါ် အကြမ်းဖက်မှု တိုးမြင့်လာခြင်းအပေါ် တွင် စစ်တပ်အပါအဝင် အစိုးရအပေါ် အပြစ်တင်ကြသည်။ အမျိုးသမီးသတင်းသမားများနှင့် ဝါရင့်သတင်းသမားများကအစိုးရအပေါ်အပြစ်တင်ကြသော်လည်း အနည်းငယ်သော အမျိုးသားသတင်းသမားများနှင့် ဝါနုသတင်းသမား များကမူ ရဲတပ်ဖွဲ့အပေါ် အပြစ်တင်ကြသည်။

သတင်းသမားများ၏ ကြီးမားသည့်အများစုကမူ အစိုးရသည် သတင်းသမားများအပေါ် အကြမ်း ဖက်များအား အရေး တယူပြုရန် လုံးဝဆန္ဒမရှိကြောင်း ယုံကြည်ကြသည်။သို့ဖြစ်၍ရလဒ်အနေဖြင့် ကျူးလွန်သူများသည် စုံစမ်းစစ် ဆေးခံရခြင်းသော်လည်းကောင်း၊ အမှန်တရားကိုသော်လည်းကောင်း ရင်မဆိုင်ကြရပေ။


# Violence against journalists increased

**Journalists fear that the government has shown little will to address the increasingly violent context in which journalists are threatened and attacked with impunity.**

Journalists believe that they faced more violence on average this year compared to last. Women journalists and senior journalists are significantly more worried that violence has increased.

A large majority of journalists blame the government, including military, for the increase in violence against journalists. Women journalists and senior journalists are especially likely to blame the government, while men and junior journalists attribute some blame to the police too.

A significant majority believe that the government has no will to address violence against journalists, and that as a result, perpetrators face neither investigation or justice.



**ဂျာနယ်လစ်များရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်မှုများအား ရပ်တံ့ရန် အစိုးရ၏ စိတ်ဆန္ဒ - Government will to stop violence against journalists**




## ပဋိပက္ခဖြစ်ရပ်များအား သတင်းတင်ပြမှု ကျဆင်းလာခြင်း

**ပဋိပက္ခဖြစ်ရပ်များအားလွတ်လပ်စွာသတင်းတင်ပြနိုင်ခွင့် ဆက်တိုက် ကျဆင်းနေခြင်းအပေါ် သတင်းသမားများက စိုးရိမ်ပူပန်မှု ဖြစ်ကြသည်။ နောက်ဆက်တွဲရလဒ်အနေဖြင့် အမှီအခိုမကင်း၏ ၎င်းတို့ယုံကြည်သော အစိုးရသတင်းဌာန အရင်းအမြစ်များကိုသာ မကြာခနဆိုသလို မှီခိုနေကြရသည်။**

ယေဘုယျအားဖြင့် ပဋိပက္ခဒေသဖြစ်အင် သတင်းတင်ပြနိုင်မှု လွတ်လပ်ခွင့်အဆင့် နိမ့်ကျသည့် အဆင့်မှ အနိမ့်ဆုံးအဆင့်ကြားတွင် ရှိသည်ဟု မီဒီယာသမားများလက်ခံယုံကြည်ကြသည်။ စစ်တမ်းတခုလုံးတွင် ယခုမေးခွန်း၏အဖြေမှာ အနိမ့်ဆုံးအဆင့်အဖြစ် အကဲဖြတ်ခံရသည်။

ပဋိပက္ခဒေသများမှသတင်းတင်ပြနိုင်ခွင့်မရှိသော်လည်း၊ သတင်းသမားထက်ဝက်ကျော်က ယုံကြည်ကြသည်မှာ ဒေသရှိ အမှီအခိုကင်းသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများသည် ထိုဒေသ၏ မူလသတင်းရင်းမြစ်များဟူ၍ ဖြစ်သည်။ ကျန်ထက်ဝက်သောသတင်းသမားများကမူ ထိုဒေသ၏မူလအခြေခံသတင်းရင်းမြစ်မှာ အစိုးရ သို့မဟုတ် စစ်တပ်ပင်ဖြစ်သည်ဟုဆိုကြသည်။

အမျိုးသားသတင်းသမားများနှင့် ဝါနုသတင်းသမားများက အစိုးရနှင့် စစ်တပ်ကို ပဋိပက္ခဒေသ များ၏ မူလသတင်းရင်းမြစ်များအဖြစ် အသုံး ပြုလိုကြသည်။ ထိုကဲ့သို့ပင်၂၀၁၇ခုနှစ် ဒီဇင်ဘာလက ပြုလုပ်ခဲ့သော မြန်မာနိုင်ငံသတင်းမီဒီဖွံ့ဖြိုးရေးညီလာခံသို့တက်ရောက်သူများကမူ ထိုဒေသများ၏ မူလသတင်းရင်းမြစ် များအဖြစ် အစိုးရနှင့် စစ်တပ်ကို ပိုမိုလိုလားကြသည်။

ယေဘုယျအားဖြင့်ဆိုရလျှင် အစိုးရသတင်းရင်းမြစ်ထံမှရရှိသော သတင်းအချက်အလက်၏ ယုံကြည်ကိုးစားနိုင်ဖွယ်အဆင့်သည် အလယ်အလတ်မှ နိမ့်သောအဆင့်တွင် ရှိသည်ဟု သတင်းမီဒီယာသမားများက ယုံကြည်ကြသည်။

## Freedom to report conflict declines

**Journalists are concerned that their freedom to report on conflict has continued to decline and as a result they are often dependent on information from government sources which they believe can be unreliable.**

Journalists believe that they face low-to-very-low levels of freedom on average when reporting in conflict areas. This assessment is the lowest in the whole survey.

Despite their lack of freedom to report in conflict areas, more than half of journalists believe that local and independent people or organisations are their primary source of information on conflicts. Almost half of journalists say that their primary source is the government or military.

Male journalists and junior journalists are more likely to use the government and military as their primary source of information on the conflict. Participants in the Myanmar Media Development Conference, held in December 2017, are also more likely to have government and military as their primary source of information.

On average, journalists believe that information obtained from government sources has a medium-to-low level of reliability.


ပဋိပက္ခဖြစ်ပွားရာနေရာများတွင် သတင်း ရယူထုတ်ပြန်ရန် သတင်းထောက်များ၏ လွတ်လပ်မှု - Journalists' freedom to report in conflict areas
Very low
32 %
Low
45 %
Medium
22 %
ဂျာနယ်လစ်တို့ အသုံးပြုသော ပဋိပက္ခဆိုင်ရာသတင်းအချက်အလက်၏ မူလအရင်းအမြစ် - Journalists' primary source of information on conflict areas
လွတ်လပ်သော ဒေသခံအသံ - Local independent sources
60 %
အစိုးရ (ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်ကော်မတီဖေ့စ်ဘွတ်စာမျက်နှာ) - Government (Ministry of Information / Information Committee Facebook Page)
26 %
စစ်တပ် (သတင်းအမှန်ပြန်ကြားရေးအဖွဲ့၊ မြဝတီ) - Military (True News Information Team / Myawaddy)
10 %
အစိုးရ မီဒီယာ (ကြေးမုံ၊ မြန်မာ့အလင်း၊ MNTV ၊ MRTV) - Government media (Mirror / GNLM / MNTV / MRTV) 5 %
အစိုးရမီဒီယာမှ သတင်းတို့၏ ယုံကြည်လက်ခံဖွယ်အနေအထား - Reliability of information on state media
Very low
8 %
Low
27 %
Medium
58 %
High
6 %
Very high
1 %

## မပြောင်းလဲနိုင်သေးသော မီဒီယာဗဟုဝါဒ နှင့် မတူကွဲပြားမှု

**အစိုးရမီဒီယာလုပ်ငန်းက မီဒီယာကဏ္ဍကို တဦးတည်းလွှမ်းမိုးထားခြင်းအား အဆုံးသတ်ပြီး၊ အများပြည်သူအနေဖြင့် ပိုမိုကျယ်ပြန့်သော ကွဲပြားခြားနားသော အသံများကို ကြားနိုင်ခြင်း အလို့ငှာ အစိုးရမှ အများပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်၊ ရပ်ရွာလူထုမီဒီယာများအား အထောက်အပံ့ပေးခြင်းကို ဆောင်ရွက်ရန် သတင်းသမားများကလိုလားကြသည်။**

မနှစ်ကနှင့် စာလျှင် ယေဘုယျအားဖြင့် မီဒီယာကဏ္ဍမတူကွဲပြားမှုသည် အနည်းငယ်မှ လုံးဝအပြောင်းအလဲ မရှိသည့် အနေအထားသို့ ရောက် နေကြောင်း သတင်းသမားများကယုံကြည်ကြသည်။ သီးခြားလွတ်လပ် သော မီဒီယာလုပ်ငန်း၊ သို့မဟုတ် တိုင်းရင်းသားမီဒီယာလုပ်ငန်းစုများ ၏ လုပ်ဆောင်နိုင် စွမ်းရည်နှင့် လွတ်လပ် စွာလုပ်ငန်းဆောင်ရွက်ခွင့် တိုးမြင့်လာသည်ကိုလည်းမတွေ့ရပေ။ အယ်ဒီတာများနှင့် အကြီးတန်း သတင်းထောက်များကယုံကြည်ကြသည်မှာ ၎င်းတို့၏ အခြေအနေမှာ ပိုမိုဆိုးဝါးလာသည်ဟူ၍ ဖြစ်သည်။

သတင်းသမားအများစုကလိုလားသည်မှာ နိုင်ငံတော်၏ ရေဒီယိုနှင့်ရုပ် မြင်သံကြားလုပ်ငန်းကို အများပြည်သူပိုင်ထုတ်လွှင့်ရေးအဖြစ် ပြောင်း လဲရေးပင်ဖြစ်သည်။ သို့သော် နိုင်ငံတော်ပိုင်သတင်းစာ   လုပ်ငန်းအ တွက်မူ မည်သည့်ဆက်လက် ဆောင်ရွက်သင့်သည် ဆိုသည်နှင့်ပတ် သက်၍ အမြင်အမျိုးမျိုး ရှိနေပေသည်။

အရေအတွက်ကြီးမားသောသတင်းသမားအနည်းစုကမူ ၎င်းကို အများပိုင်သတင်းမီဒီယာ လုပ်ငန်းအဖြစ်ပြောင်းလဲစေလိုကြသည်။ ဝါရင့်သတင်းသမားများကမူ   နိုင်ငံပိုင်မီဒီယာလုပ်ငန်းများ  ကိုလုံးဝပိတ်ရန်ပိုမိုဆန္ဒရှိ ကြခြင်းပင်ဖြစ်သည်။ အမျိုးသားသတင်းသမားများကမူ နိုင်ငံ တော်ပိုင်မီဒီယာလုပ် ငန်းများအားလုံးကို အများပြည်သူပိုင်အဖြစ် ပြောင်းလဲရန် အရေအတွက်များစွာဆန္ဒရှိကြသည်။

သတင်းမီဒီယာသမားအများစုက တိုင်းရင်းသားသတင်းသမားများနှင့် အမျိုးသမီးသတင်း သတင်းသမားများ  ခွဲခြားဆက်ဆံခံရခြင်းသည် ယခင်နှစ်အတိုင်းရှိမြဲရှိနေသည်ဟု ယုံကြည်ကြသည်။ အမျိုးသမီးသတင်းသမားများသည် ခွဲခြားဆက်ဆံခံရမှု အခြေအနေများ လျော့ကျသွားသည် ဟု ထင်မှတ်ကြသည်။ မည်သည့်အမျိုးသမီးသတင်းသမားကမျှ ခွဲခြားဆက်ဆံခံရခြင်းသည် ယခင်နှစ်ထက် ပိုမိုဆိုးဝါးလာသည် ဟု မထင်ကြပါ။

## No change in media pluralism and diversity

**Journalists want the government to end the state media monopoly, support public, private and community media, and ensure the public has access to a wider range of different voices.**

Journalists believe on average that there has been little-to-no change in media diversity since last year. Neither independent media businesses nor ethnic media houses have seen improvement in their ability or freedom to operate. Both editors and senior journalists believe that their situation has worsened.

Journalists largely want state television and radio to be turned into public service broadcasters, but have mixed opinions on what should be done with the state newspapers. A large minority want them to be turned into public service media. Senior journalists are significantly more likely to want the state media closed down entirely. Male journalists are significantly more likely to want all state media to be turned into public service media.

Most journalists believe that discrimination towards ethnic journalists and women journalists has stayed the same as last year. Women journalists are more likely to think discrimination against women and ethnic minority journalists has decreased. No women journalists believe that discrimination against women has worsened since last year.



အစိုးရသတင်းစာများကို ဘာလုပ်သင့်သလဲ - What to do with state-run newspapers
ပြည်သူ့ဝန်ဆောင်မှု သတင်းမီဒီယာသို့ ပြောင်းလဲသင့်သည် - Turn them into public service media
49 %
ပိတ်သိမ်းသင့်သည် - Close them
22 %
ပုဂ္ဂလိက ကုမ္ပဏီများကို ရောင်းသင့်သည် - Sell to private companies
19 %
ဘာမှမလုပ်သင့် - Nothing
9 %
အစိုးရပိုင်သံလွှင့်ဌာနများကို ဘာလုပ်သင့်သလဲ - What to do with state-run broadcasters (television and radio)
ပြည်သူ့ဝန်ဆောင်မှု သတင်းမီဒီယာသို့ ပြောင်းလဲသင့်သည် - Turn them into public service media
58 %
ပုဂ္ဂလိက ကုမ္ပဏီများကို ရောင်းသင့်သည် - Sell to private companies
19 %
ပိတ်သိမ်းသင့်သည် - Close them
14 %
ဘာမှမလုပ်သင့် - Nothing
9 %
မနှစ်ကနှင့် ယှဉ်လျှင် ပုဂ္ဂလိကမီဒီယာများ အောင်မြင်ရန် အခွင့်အလမ်းများ - Private media opportunities for success since last year
ကောင်းမွန်တိုးတက်လာ - Improved
9 %
အတူတူပင် - Same
46 %
ပို၍ဆိုးရွားလာ - Worse
45 %
မနှစ်ကနှင့် ယှဉ်လျှင် တိုင်းရင်းသားမီဒီယာကဏ္ဍ ပြောင်းလဲမှု - Change in ethnic media since last year
လွတ်လပ်မှုလျော့နည်းသွာ - Less freedom
22 %
အတူတူပင် - Same
59 %
လွတ်လပ်မှု ပိုရလာ - More freedom
19 %
မနှစ်ကနှင့် ယှဉ်လျှင် တိုင်းရင်းသားဂျာနယ်လစ်များကြုံတွေ့ရသည့် ခွဲခြားဆက်ဆံခံရမှု - Discrimination against ethnic journalists since last year
တိုးလာ - Increased
21 %
အတူတူပင် - Same
60 %
လျော့ကျသွား - Decreased
19 %
မနှစ်ကနှင့် ယှဉ်လျှင် အမျိုးသမီးဂျာနယ်လစ်များ ကြုံတွေ့ရသည့် ခွဲခြားဆက်ဆံခံရမှု - Discrimination against women journalists since last year
တိုးလာ - Increased 8 %
အတူတူပင် - Same
70 %
လျော့ကျသွား - Decreased
22 %

# နိဂုံး - Conclusion

မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်သည် လွန်ခဲ့သော နှစ်ကုန်ကတည်းက ကျ ဆင်းလာခဲ့ပြီး၊ စစ်တပ်အပါအဝင် အစိုးရက ဆုတ်ယုတ်ကျဆင်းနေသည့် လမ်းကြောင်းကို ပြန်လည်တည့်မတ်ရန် အတွက် စိတ်ဆန္ဒ အနည်းငယ်မျှလောက် သာ ပြသကြောင်း သတင်းသမားများက မှတ်ယူကြသည်။

၎င်းကဲ့သို့ စိတ်ဆန္ဒမရှိသည်ကို သာဓကတစ်ခုဖြင့် ပြရလျှင် တရားဥပဒေဆိုင်ရာရော မူဝါဒအရ ရောပြုပြင်ပြောင်းလဲမှု မရှိခြင်းပင်ဖြစ်သည်။ အစိုးရသည် မီဒီယာလွတ် လပ်ခွင့်ကို ထောက်ထား ညှာတာသည့် ဥပ ဒေပြင်ဆင်ရေး မရှိသလို၊ ပြင်ဆင်ရန် ကတိပေးဆောင်ရွက်ထားခြင်း လည်း မရှိပါ။ ယခင်နှစ်ကတည်းက တစ်ခုသောပြောင်းလဲခဲ့သည့် ဥပ ဒေမှာ ၆၆ (ဃ) သာဖြစ်သည်။ ၎င်းသည်လည်း စစ်မှန်သည့် ညှိနှိုင်း မှုမရှိဘဲဆောင်ရွက်ခဲ့သလို၊ ယင်းဥပ ဒေ၏ မီဒီ ယာလွတ်လပ်ခွင့် အား ခြိမ်းခြောက်နေမှုကိုလည်း လျော့နည်းအောင် မဆောင်ကျဉ်းနိုင်ခဲ့ပေ။

နောက်ထပ်တင်ပြလိုသည့်သာဓကတစ်ခုမှာ သတင်းမီဒီယာသမားများ လက် တွေ့ခံစားနေရသော အကြမ်းဖက်ခံရမှုများပင်ဖြစ်သည်။ ယင်း အကြမ်းဖက်ခံရ မှုများတွင် လျှို့ဝှက်ချက်အက် ဥပဒေ၊ မတရားအသင်းဆက်သွယ်မှုဥပဒေ၊ ဆက်သွယ်ရေးဥပဒေ စသည့် ဆိုးရွားသည့် ဥပဒေများကို စစ်တပ်အပါအဝင် အစိုးရအဖွဲ့ဝင်များကိုယ်တိုင်က သတင်းသမားများကိုခြိမ်းခြောက်ရန်နှင့် တရား စွဲဆိုရန် ဆက်လက် အသုံးပြု နေခြင်းများလည်း ပါဝင်သည်။ ထိုဖြစ်ရပ်များတွင် ခြိမ်းခြောက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများ၊ စိတ်ပိုင်းဆိုင်ရာအရ နက် နက်ရှိုင်းရှိုင်း ထိခိုက်မှုများ အပြင်၊ အစိုးရ၏မှန်မှန်ကန်ကန် စုံစမ်းစစ်ဆေးခြင်း မရှိခြင်း သို့မဟုတ် ကျူးလွန်သူများကို အမှန် တရားသို့ ရောက်အောင် ခေါ် ဆောင်ရန်ပျက်ကွက်ခြင်း တို့လည်း အကျုံးဝင်ပါသည်။

တတိယသာဓကအနေဖြင့်တင်ပြရလျှင် အစိုးရသည် မတူကွဲပြားမှုနှင့် သီးခြား လွတ်လပ်သော မီဒီယာများဖြစ်ထွန်းလာစေရေးအတွက် အ ထောက်အပံ့ပေးခြင်း မရှိပင်ဖြစ်သည်။ နိုင်ငံတော်ပိုင် သတင်းမီဒီယာ များဖြစ်သော သတင်းစာ၊ရေဒီယိုရုပ်မြင်သံကြားလုပ်ငန်းများကို ဆက် လက် ဆောင်ရွက် လွှမ်းမိုးထားဆဲဖြစ်သည်။ သို့ဖြစ်၍ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ရပ်ရွာလူထုပိုင်မီဒီ ယာများက အနစ်နာခံနေ ကြရသည်။ သတင်းသမားများသည် အများပြည်သူအကျိုးအတွက် သတင်းတင် ပြခြင်းမှ တားဆီး ခံနေ ရသည်။ ပဋိပက္ခ ဒေသမှသတင်းကို အထူးကြပ် မတ်ရယူနိုင်မှု မရှိစေခြင်းမျိုးဖြစ်သည်။

သတင်းမီဒီယာသမားများ အနေဖြင့် မီဒီယာလွတ်လပ်ခွင့် ကျဆုံးနေ ခြင်း နှင့် အစိုးရ၏ ထိုအခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် စိတ်ဆုံးဖြတ်မှု မရှိခြင်းတို့ကို နားလည်သဘောပေါက် သော်လည်း သူတို့သည် ပြုပြင်ပြောင်းလဲရန် မျှော်လင့်ချက်များဖြင့် စောင့်စားနေပြီး ပြောင်းလဲမှုတွင် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေ ကြပါသည်။

Journalists believe that media freedom has declined over the last year, and that the government, including the military, has shown little willingness to reverse the trend.

One example of this unwillingness has been the continued lack of legal or policy reform. The government has neither reformed or committed to reform laws in favour of media freedom. The only legal change over the past year - 66(d) - was done without real consultation and has failed to reduce the law's threat to media freedom.[2]

A further example is the perceived increase in violence against journalists. This includes the continued use of malicious laws such as the Official Secrets Act, Telecommunications Law, and Unlawful Association Law, to threaten or unduly prosecute journalists, often at the behest of members of the government, including the military. It also includes threats and physical attacks, and their deep psychological impact, and the government's failure to properly investigate or bring perpetrators to justice.

A third example is the government's failure to support the development of a more independent and diverse media. The state broadcasters and newspapers continue to operate and dominate the sector at the expense of private, public and community media. Journalists are prevented from reporting in the public interest, such as the blanket ban on the media's access to conflict areas.

Despite journalists' general apprehension over declining media freedom and the government's lack of commitment to improve the situation, journalists remain hopeful and willing to participate in change.

[1] Please note that for this report, percentages have been rounded to the nearest whole number. As a result, percentages may add up to slightly more or less than 100%.

[2] For an analysis of why the amendment of 66(d) has made no difference to case law, see FEM's 2017 report, "66(d): No Real Change" at http://freeexpressionmyanmar.org/wp-content/uploads/2017/12/66d-no-real-change.pdf

## ခြိမ်းခြောက်ခံနေရသော မြန်မာ့မီဒီယာလွတ်လပ်ခွင့်

ဂျာနယ်လစ်များ၏ အမြင်သဘောထားအား စစ်တမ်းကောက်ယူမှုရလဒ်များ

အလွန်တရာ အရေးပါအရာရောက်သော သတင်းများကို စုံစမ်းရှာဖွေ၊ ရယူ ထုတ်ပြန်နိုင်သော မီဒီယာလွတ်လပ်ခွင့်သည်  နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီ အဆင့်အတန်းကို တိုင်းတာနိုင်သည့် အကောင်းဆုံး နည်းလမ်းများ အနက် တစ်ခုဖြစ်သည်။

သတင်းမီဒီယာသမားများသည် မီဒီယာလွတ်လပ်ခွင့် မည်မျှရရှိသည် ဆိုသည်ကို အကောင်းဆုံးသိရှိကြသလို၊ အတိတ်ကမိမိတို့၏ အတွေ့အကြုံနှင့် လတ်တ လော တွေ့ကြုံရသော အတွေ့အကြုံများကို နှိုင်းယှဉ်ပြီး မီဒီယာလွတ်လပ်ခွင့် ၏ ဦးတည်ရာကို ခန့်မှန်းသတ်မှတ် နိုင်ကြ သည်။

ယခုစစ်တမ်းသည် မီဒီယာလွတ်လပ်ခွင့်အပေါ်တွင် သက်ရောက်သော အရေးကြီးသည့် ပြဿနာနယ်ပယ်အတိုင်းအတာအပေါ်တွင် သတင်း မီဒီယာသမားများ၏ ထင်မြင်ယူဆချက် သဘော ထားများကို တနိုင်ငံ လုံးအတိုင်းအတာဖြင့် အဖွဲ့ပေါင်းစုံ ပူးပေါင်းလျှက် ၂၀၁၇ ဒီ ဇင်ဘာလ မှ ၂၀၁၈ ဧပြီလ အထိ ဆောင်ရွက်ခဲ့သော စစ်တမ်းဖြစ်သည်။

လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)] သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အရေးတွင် နှံ့စပ်သော၊ ဥပဒေပြုပြင်ပြောင်း လဲရေးတွင် ပါဝင် ဆောင်ရွက်နေသော၊ ဥပဒေချိုးဖောက်ခံရသူများကို ကာကွယ်နေသော၊ ထို့အ ပြင် အကောင်းဆုံး နိုင်ငံတကာ အလေ့အထကောင်းများကို အလေးဂရုပြုလာ အောင် လုပ်ဆောင်နေသော အဖွဲ့ အစည်းတစ်ခု ဖြစ်ပါသည်။

## Myanmar's media freedom at risk

The results of a nationwide survey of journalists' opinions.

The freedom by which the media can investigate, access, and publish information, particularly that which is critical, is one of the best ways to measure the level of democracy in a country.

Journalists know best how much freedom the media has, and can compare their current experiences to the past to identify the direction that media freedom is heading.

This survey, carried out nationwide by a coalition of organisations between December 2017 and April 2018, measures journalists' opinions on a range of issues that are critical to media freedom.

Free Expression Myanmar (FEM) is a national human rights organisation that is expert in free expression and information, engaging in legal reform, defending victims of violations, and promoting best international standards.

FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

In partnership with

BNI Multimedia Group

Myanmar Journalists Association

Myanmar Journalists Union

MMLN Myanmar Media Lawyers' Network

Myanmar Women Journalists Society

PEN Myanmar

Journalism is not a crime